Vol.2 (12), June 2022




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

**(Agriculture Market Bulletin)**
**Market Information System**

**စိုက်ပျိုးရေးဦးစီးဌာန**

တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက် ဖြန့်ဝေရန်
စိတ်ချအားထား ဈေးနှုန်းများ
တောင်သူများအား ဖြန့်ဝေသွား

30th June, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

ပါဝင်သောအကြောင်းအရာများ | စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

❖ လယ်ယာ/သားငါးထွက်ကုန်များနှင့် သွင်းအားစုများ ဈေးကွက်အခြေအနေ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းစပါးဈေး တည်ငြိမ်နေပြီး မနောသုခစပါးဈေးနှုန်းမှာ ဈေးအနည်းငယ်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနက်နှင့် နေကြာဈေးနှုန်းများ အနည်းငယ်မြင့်တက်ပြီးမြေပဲဈေးလျော့ကျလျက်ရှိ
- ❖ မတ်ပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများမြင့်တက်လာပြီး ပဲတီစိမ်းဈေးနှုန်းများအနည်းငယ်ကျဆင်းလျက်ရှိ
- ❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံတစ်တန် ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများအနည်းငယ်ဈေးတက်လာ
- ❖ ငရုတ်အစိုဈေးနှုန်းတည်ငြိမ်နေပြီး ငရုတ်အခြောက်ဈေးနှုန်း အနည်းငယ်မြင့်တက်လာ
- ❖ ခရမ်းချဉ်ဈေးနှုန်း ဈေးကွက်အချို့တွင်အနည်းငယ် မြင့်တက်လျက်ရှိပြီး ဈေးကွက်အများစုတွင်တည်ငြိမ်နေ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ မြန်မာနိုင်ငံ၏ ပြည်တွင်းပြောင်းဈေးနှုန်းသည် ထိုင်းနိုင်ငံ၏ ပြောင်းဈေးနှုန်းများ အပေါ်မူတည်၍ အတက်အကျရှိ
- ❖ ပဲစဉ်းငုံဈေးနှုန်းသည် မတ်ပဲဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အကျ ဘက်သို့ ဦးတည် နေခြင်း
- ❖ ရော်ဘာဈေးနှုန်း တစ်ပေါင်လျှင်(၁,၂၀၀)ကျပ်ဖြင့် လျင်မြန်စွာမြင့်တက်လာ ခြင်း
- ❖ စားဖိုဆောင်သီးနှံ ဈေးနှုန်းများ မြင့်တက်နေသော်လည်း အဆိုပါသီးနှံဈေးကွက်သည် အရောင်းအဝယ် နှေးကွေးလျက်ရှိ
- ❖ အိန္ဒိယတွင် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဆန်ဈေး မြင့်တက်မှုအပေါ် သက်ရောက်မှုရှိ
- ❖ ကမ္ဘာ့စားသုံးဆီဈေးနှုန်းများ (၆)လအတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်း
- ❖ ရွှေ့ပြောင်းအလုပ်သမားရှားပါးမှုကြောင့် မလေးရှားကုမ္ပဏီများသည် ရောင်းရငွေ ဘီလျံနှင့်ချီ၍ ဆုံးရှုံးရခြင်း
- ❖ ကမ္ဘာ့ကော်ဖီဈေးကွက်

စာမျက်နှာ ၅ မှ ၈

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနေသုခစပါး

- ဇွန်လဒုတိယ(၁၅)ရက်အတွင်းပေါ်ဆန်းစပါးဈေးနှုန်းမှာ ပျမ်းမျှတစ်တင်းလျှင်(၁၃၇၅၀)ကျပ် ရှိနေပြီး တစ်တင်း ဈေးနှုန်း (၁၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဇွန်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဧရာဝတီ၊ ပဲခူး နှင့် တနင်္သာရီတို့၏ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ မှ ၁၀၀၀ ကျပ် (၃.၅%မှ၇.၇%)ခန့် ဈေးနှုန်း အနည်းငယ် မြင့်တက်လာပြီး ကျန်သောဈေးကွက်များ၌ အတက် အကျမရှိပဲ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း မနေသုခစပါး ပျမ်းမျှ တစ်တင်းဈေးနှုန်းမှာ (၉၀၇၀)ကျပ် ရှိနေပြီး တစ်တင်း လျှင် (၁၀၅၀၀)ကျပ်ဖြင့် ဈေးနှုန်း အမြင့်ဆုံး ဖြစ်နေ ပါသည်။ ဇွန်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ပဲခူး တိုင်းဒေသကြီးဈေးကွက်သာလျှင် တစ်တင်းလျှင် ၂၀၀ ကျပ်၊ (၂.၃%)ဖြင့် ဈေးနှုန်း အနည်းငယ်လျော့ကျခဲ့သော် လည်း အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၂၅၀ကျပ်မှ ၁၀၀၀ကျပ်(၂.၉% မှ ၁၀.၅%) ခန့်အတွင်း ဈေးနှုန်းများ မြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲ မှုမရှိသည်ကိုတွေ့ရှိရပါသည်။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်း အခြေအနေ မှာ ပေါ်ဆန်းစပါးဈေးနှုန်းသည် တည်ငြိမ်လျက်ရှိပြီး မနေသုခစပါးဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိ ကြောင်းသိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ဇွန်လဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ် ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၅၀၆၃)ကျပ်ရှိ နေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၇၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်း နှင့်နှိုင်းယှဉ်ပါက မကွေးတိုင်းဒေသကြီးနှင့်နှင့် ရှမ်း ပြည်နယ်တို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ် (၁၈% )ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး နေပြည်တော်၊ မန္တလေးနှင့် စစ် ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင်၇၅၀ကျပ်မှ ၃၀၀၀ ကျပ် (၄%မှ ၁၈%) ခန့် ဈေးနှုန်းလျော့ကျကာ ပဲခူး၊ ကချင်နှင့် ကရင်ဈေးကွက်၌ ဈေးနှုန်းပြောင်းလဲမှု မရှိ ခဲ့ပါ။ အစေ့ထုတ်ပြောင်း ဈေးနှုန်းအခြေအနေမှာ ထိုင်း နိုင်ငံသို့ ယခုနှစ်ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ် ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့ တင်ပို့မှုလည်း ရှိနေရာ ပုံမှန်အရောင်းအဝယ်ဖြင့်ပင် ဈေးနှုန်းအနည်း ငယ်အတက်အကျရှိကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဇွန်လဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၁၂၀၀)ကျပ်ရှိနေပြီး ဈေး နှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၅၀၀၀) ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့် ပါကဈေးကွက်အများစုတွင် တစ်တင်းလျှင် ၅၀၀၀ကျပ် မှ ၁၈၀၀၀ကျပ် (၈% မှ ၃၈%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပဲခူး၊မွန်နှင့် တနင်္သာရီဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀၀ကျပ်မှ ၁၂၀၀၀ကျပ် (၁၅% မှ ၁၇%) ခန့် ဈေးနှုန်း လျော့ကျလျက်ရှိပြီး အချို့ဈေးကွက်များ၌ ဈေး နှုန်း ပြောင်းလဲမှုမတွေ့ရှိရပါ။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှ တစ်တင်းဈေးနှုန်းမှာ (၁၈၃၀၉)ကျပ်ရှိနေပြီး တစ်တင်း လျှင် (၂၄၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်း အမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရခိုင်၊နေပြည်တော်၊ ရှမ်းနှင့်စစ်ကိုင်းဈေး ကွက်များ၌ တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၇၀၀၀ ကျပ် (၁၁% မှ ၃၃%)ခန့် ဈေးနှုန်းကျဆင်းသွားပြီး မန္တလေး ဈေးကွက်၌ တစ်တင်းလျှင် ၅၀၀ကျပ် (၂.၆%) ခန့်မြင့် တက်ခဲ့ပါသည်။ ကျန်ဈေးကွက်များ၌ ဈေးနှုန်းတည်ငြိမ် လျက်ရှိပါသည်။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှ ဈေးနှုန်းအနေဖြင့် (၂၈၆၂၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့် ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၅၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ မကွေး၊ နေပြည်တော်နှင့် စစ်ကိုင်း ဈေးကွက်များတွင် တစ်တင်းလျှင် ၁၅၀၀ကျပ်မှ ၇၅၀၀ကျပ်(၅%မှ၂၇%)ခန့် ဈေးနှုန်းမြင့်တက်လာပြီး ပဲခူးဈေးကွက်တွင်သာ တစ် တင်းလျှင် ၅၀၀ကျပ် (၂%)ခန့် ဈေးနှုန်းလျော့ကျခဲ့သည် ကိုတွေ့ရှိရပါသည်။

| ဈေးကွက် အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ ပထမ (၁၅)ရက် | ဇွန်လ ဒုတိယ (၁၅)ရက် | ခြားနား ချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၀၅၀၀ | (-)၁၈.၀၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀ |
| မန္တလေး | ၁၉၀၀၀ | ၂၀၀၀၀ | (+)၂.၅၆ |
| မကွေး | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ပဲခူး | ၂၅၀၀၀ | ၂၂၀၀၀ | ၀ |
| စစ်ကိုင်း | ၁၇၀၀၀ | ၁၄၀၀၀ | (-)၃၃.၃၃ |
| ကချင် | ၂၄၀၀၀ | ၂၄၀၀၀ | ၀ |
| ကယား | ၁၈၀၀၀ | ၁၈၀၀၀ | ၀ |
| ကရင် | ၁၅၅၀၀ | ၁၅၅၀၀ | ၀ |
| ရခိုင် | ၁၈၀၀၀ | ၁၆၀၀၀ | (-)၁၁.၁၁ |
| ရှမ်း | ၁၆၀၀၀ | ၁၃၀၀၀ | (-)၁၈.၇၅ |






# ပဲမျိုးစုံ ဈေးကွက်




## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ ပထမ (၁၅)ရက် | ဇွန်လ ဒုတိယ (၁၅)ရက် | ခြားနား ချက်(%) |
| နေပြည်တော် | ၄၇၀၀၀ | ၅၀၀၀၀ | (+)၆.၃၈ |
| ရန်ကုန် | ၆၂၀၀၀ | ၆၆၀၀၀ | (+)၆.၄၅ |
| မန္တလေး | ၄၈၀၀၀ | ၄၉၀၀၀ | (+)၂.၀၈ |
| မကွေး | ၄၅၀၀၀ | ၄၅၀၀၀ | ၀ |
| ပဲခူး | ၅၀၅၀၀ | ၅၂၀၀၀ | (+)၂.၉၇ |
| စစ်ကိုင်း | ၄၁၅၀၀ | ၅၂၀၀၀ | (+)၂၅.၃ |
| ဧရာဝတီ | ၄၆၀၀၀ | ၅၀၀၀၀ | (+)၈.၇၀ |
| တနင်္သာရီ | ၄၁၀၀၀ | ၄၁၀၀၀ | ၀ |
| ကချင် | ၄၀၀၀၀ | ၅၄၀၀၀ | (+)၃၅.၀၀ |
| ကရင် | ၃၆၀၀၀ | ၃၆၀၀၀ | ၀ |
| မွန် | ၄၇၅၀၀ | ၄၇၅၀၀ | ၀ |
| ရခိုင် | ၄၆၅၀၀ | ၃၆၀၀၀ | (-)၂၂.၅၈ |
| ရှမ်း | ၅၅၀၀၀ | ၅၅၆၀၀ | (+)၁.၀၉ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲပုပ်

- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၄၆၇၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် (၆၀၀၀၀)ကျပ် ရှိနေပါသည်။ ဇွန်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစု၌ တစ်တင်းလျှင် ၁၀၀၀ကျပ် မှ ၉၀၀၀ ကျပ် (၂%မှ ၁၈%)ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး ဧရာဝတီဈေးကွက်တွင် တစ်တင်းလျှင် ၂၀၀၀ကျပ် (၄%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ကျန်ဈေးကွက် အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၅၀၉၆၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် (၆၆၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အားလုံးနီးပါး တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၈၅၀၀ကျပ် (၂%မှ ၂၀%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၄၂၂၂)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် (၄၉၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်လျှင် ပဲခူး၊ ကချင်နှင့် စစ်ကိုင်းတို့တွင် တစ်တင်းလျှင် ၄၅၀၀ ကျပ်မှ ၇၂၀၀ ကျပ်(၁၁.၇%မှ ၁၇%)ခန့် အသီးသီးဈေးနှုန်းမြင့်တက်လာပြီး မကွေးဈေးကွက်တွင် တစ်တင်းလျှင် ၁၀၀၀ ကျပ် (၂%)ခန့် ဈေးနှုန်းအနည်းငယ် လျော့ကျကာ ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစဉ်းငုံ




## ပဲပုပ်

- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၂၁၄၃) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် (၆၁၀၀၀)ကျပ်ရှိပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ဈေးကွက်အားလုံးနီးပါး ၅၀၀ ကျပ်မှ ၂၅၀၀ကျပ်(၁%မှ ၅%) မြင့်တက်လျက်ရှိပါသည်။ ပြည်ပဝယ်လိုအားကောင်းနေခြင်းနှင့် ကုန်လက်ကျန်နည်းလာမှုတို့ကြောင့်ဈေးနှုန်းဆက်လက်မြင့်တက်လာနိုင်ပါသည်။




## ကုလားပဲ

- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၃၃၁၃)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် (၆၈၀၀၀)ကျပ် ရှိနေပါသည်။ ဇွန်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မွန်ပြည်နယ်ဈေးကွက်၌သာ တစ်တင်းလျှင် ၃၅၀၀ကျပ် (၅%)ခန့် ဈေးနှုန်းလျော့ကျခဲ့ပါသည်။ ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၃၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၇% မှ ၁၁%) ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ နေပြည်တော်နှင့် တနင်္သာရီ ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၃၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၀၀၀)ကျပ် ရှိနေပါသည်။ ဇွန်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် မန္တလေးဒေသတွင် (၁၀၀) ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာပါသည်။ ဈေးကွက်အများစုတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းနေပြီး အရောင်းအဝယ်အေးလျက်ရှိပါသည်။

## ချက်ကြံ

- ဇွန်လဒုတိယ(၁၅)ရက်အတွင်း ချက်ကြံတစ်တန်ပျမ်းမျှဈေးနှုန်းသည် (၅၆၇၅၀)ကျပ်ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံး (၈၀၀၀၀)ကျပ် နှင့်အနိမ့်ဆုံးဈေး(၄၅၀၀၀)ကျပ် ဖြစ်ပါ သည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရှမ်း ဒေသ၌သာ တစ်တန်လျှင်(၈၀၀၀)ကျပ် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ပဲခူးနှင့်နေပြည်တော်ဈေးကွက်တို့၌ တစ်တန်လျှင် (၅၀၀)ကျပ်မှ (၁၀၀၀)ကျပ်အတွင်း ဈေးနှုန်း လျော့ကျလျက်ရှိပြီး ကျန်ဒေသများတွင် ချက်ကြံဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

### ဇွန်လပထမ(၁၅)ရက်နှင့်ဇွန်လဒုတိယ(၁၅)ရက် အတွင်း RSS-3 ရော်ဘာ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

| ဈေးကွက် အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | ဇွန်လ ပထမ (၁၅)ရက် | ဇွန်လ ဒုတိယ (၁၅)ရက် | ခြားနား ချက်(%) |
| မွန် | ၁၁၂၆ | ၁၁၇၈ | (+)၄.၆၂ |
| ကရင် | ၁၀၇၅ | ၁၀၇၅ | ၀ |
| တနင်္သာရီ | ၁၂၀၀ | ၁၁၆၉ | (-)၂.၆၅ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဇွန်လဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၂၁၇၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၃၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက် အများစုတွင် တစ်ပိဿာလျှင်၂၀၀ကျပ် မှ ၇၀၀ ကျပ် (၁၀% မှ ၃၉%)ထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ကြက်သွန်နီ သိုလှောင်ထားရှိမှုလက်ကျန်နှင့် ဈေးကွက်ဝယ်လိုအားပေါ် မူတည်ပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိခဲ့ကြောင်းတွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇွန်လ ပထမ (၁၅)ရက် | ဇွန်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀ | ၅၄၀၀ | (+)၈.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | ၀ |
| မကွေး | ၃၅၀၀ | ၃၈၀၀ | (+)၈.၅၇ |
| ပဲခူး | ၅၅၀၀ | ၅၀၀၀ | (-)၉.၀၉ |
| စစ်ကိုင်း | ၃၇၅၀ | ၂၉၀၀ | (-)၂၂.၆၇ |
| ဧရာဝတီ | ၃၅၀၀ | ၅၀၀၀ | (+)၄၂.၈၆ |
| တနင်္သာရီ | ၇၀၀၀ | ၅၅၀၀ | (-)၂၁.၄၃ |
| ကချင် | ၄၀၀၀ | ၅၀၀၀ | (+)၂၅.၀၀ |
| ကယား | ၃၅၀၀ | ၄၅၀၀ | (+)၂၈.၅၇ |
| ကရင် | ၅၀၀၀ | ၅၅၀၀ | (+)၁၀.၀၀ |
| မွန် | ၅၁၀၀ | ၄၀၀၀ | (-)၂၁.၅၇ |
| ရခိုင် | ၅၂၀၀ | ၅၂၀၀ | ၀ |
| ရှမ်း | ၄၀၀၀ | ၄၈၀၀ | (+) ၂၀.၀၀ |

❖ ဇွန်လဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၇၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များ၌ တစ်ပိဿာလျှင် ၃၀၀ ကျပ် မှ ၁၅၀၀ ကျပ် (၉%မှ ၄၃%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် တစ်ပိဿာ ၅၀၀ ကျပ်မှ ၁၅၀၀ကျပ် (၉% မှ ၂၂%)အတွင်း ဈေးနှုန်းလျော့ကျခဲ့ပါသည်။ အချို့ဈေးကွက်အနည်းငယ်တွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




❖ ဇွန်လဒုတိယ (၁၅) ရက်အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၈၂၁)ကျပ် အထိမြင့်တက်လာပါသည်။ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်နှင့် မွန်ဈေးကွက်တွင်သာ (၁၀၀)ကျပ်မှ (၇၅၀) ကျပ်ခန့်ဈေးကျသွားပြီးဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၃၅၀ ကျပ်မှ ၈၀၀ကျပ် အတွင်းဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။

## ငရုတ်(အစို)




❖ ဇွန်လဒုတိယ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၃၁၉၃)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၄၅၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အချို့၌ တစ်ပိဿာလျှင် ကျပ်၁၀၀မှ ၁၂၀၀ကျပ် (၃% မှ ၄၀%)ခန့် ဈေးနှုန်း ကျဆင်းခဲ့ပါသည်။ ရှမ်း၊ မွန်နှင့် ကချင်တို့၌ တစ်ပိဿာလျှင်(၂၀၀)ကျပ် မှ(၁၀၀၀)ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကိုတွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

❖ ဇွန်လဒုတိယ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၈၀၀၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၁၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အချို့၌ တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ၁၅၀၀ကျပ် (၁.၅%မှ၂၇%) ဈေးနှုန်း မြင့်တက်ခဲ့ပြီး နေပြည်တော်ဈေးကွက်တွင်သာ တစ်ပိဿာလျှင် ၃၀၀၀ ကျပ် (၂၅%) ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ အချို့ဈေးကွက်များ၌ ဈေးနှုန်း တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဇွန်လဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ॥ | ၇၀၀၀ | - | - | - |
| ငါးတန် | ॥ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ॥ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ॥ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ॥ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ॥ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ॥ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၄၀၀၀၀ |
| ပုစွန်ကျော့ | ॥ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၁၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ॥ | ၈၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ॥ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ॥ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ॥ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ॥ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၈၀ | ၂၀၀ | ၁၈၀ | ၂၅၀ |
| ဘဲဥ | ॥ | ၁၉၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ॥ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### မြန်မာနိုင်ငံ၏ ပြည်တွင်းပြောင်းဈေးနှုန်းသည် ထိုင်းနိုင်ငံ၏ ပြောင်းဈေးနှုန်းများအပေါ် မူတည်၍ အတက်အကျရှိ

- ထိုင်းနိုင်ငံ၏ ပြောင်းဈေးနှုန်းကျဆင်းပြီးနောက် ပြည်တွင်းပြောင်းဈေးနှုန်း ကျဆင်းသွားခဲ့ကြောင်း မြန်မာ့ပြောင်းလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးမင်းခိုင်မှ ပြောကြားခဲ့ကြောင်း၊
- ပြီးခဲ့သည့်လက ထိုင်းနိုင်ငံဈေးကွက်၌ ပြောင်း(၁) ကီလိုဂရမ်လျှင်ဘတ်(၁၃.၂၅)ရှိခဲ့ကြောင်း၊ လက်ရှိတွင်ပြောင်းဈေးနှုန်းများသည် ဘတ်(၁၂.၅)သို့ ကျဆင်းလျက်ရှိကြောင်း၊ မြန်မာ့ပြောင်းသည် ထိုင်းနိုင်ငံအပေါ် အဓိကမှီခိုနေရသောကြောင့် မြန်မာနှင့် ထိုင်းနိုင်ငံ ကြားရှိ နယ်စပ် ဈေးကွက်များတွင် ဈေးနှုန်းအတော်အသင့်ကျဆင်းခဲ့ကြောင်း၊
- ထို့ပြင် ထိုင်းနိုင်ငံ၌ လာမည့်လအတွင်း ပြောင်းများ မကြာမီ ရိတ်သိမ်းတော့မည် ဖြစ်ကြောင်း၊ သို့သော် ဈေးနှုန်း အတက်အကျအခြေအနေကို အတိအကျ မပြောနိုင်ပါကြောင်း၊
- အရည်အသွေးပေါ်မူတည်၍ ပြောင်းဈေးနှုန်းများသည် (၁)ပိဿာလျှင် (၁,၀၆၀)ကျပ်မှ (၁,၀၈၀)ကျပ် အတွင်းရှိကြောင်း၊ ထိုင်းနိုင်ငံသည် ဖေဖော်ဝါရီလ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အတွင်း အခွန်အခမဲ့ပုံစံ(ဃ)ဖြင့် ပြောင်းတင်သွင်းရန် ခွင့်ပြုခဲ့ကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံသည် ၎င်းတို့၏ ပြောင်းစိုက်ပျိုးထုတ်လုပ်သည့် ရာသီအတွင်း ပြောင်းများ တင်သွင်းပါက ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ အခွင့်အလမ်းများကို ကာကွယ်ရန် ပြောင်းဖူးတင်သွင်းမှုအပေါ် အမြင့်ဆုံး အခွန်နှုန်းထား(၇၃%) သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း၊ ထို့ကြောင့် FormD(အခွန်)ကင်းလွတ်ခွင့်ရသော ပြောင်းဖူးတင်ပို့မှုမှာ နှစ်လ(ဇူလိုင်နှင့် ဩဂုတ် လ)သာ ကျန်ရှိတော့ကြောင်း၊
- မြန်မာနိုင်ငံသည်(၂၀၂၁-၂၀၂၂) ပြောင်းရာသီတွင်ပြည်ပဈေးကွက်များသို့ ပြောင်းတန်ချိန်(၁.၅)သန်း တင်ပို့ရန် ရည်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသည် (၂၀၂၀-၂၀၂၁) ပြောင်းဖူးရာသီတွင် ပြည်ပကုန်သွယ်မှု မိတ်ဖက်နိုင်ငံများသို့ ပြောင်းတန်ချိန်(၂.၃)သန်း တင်ပို့ခဲ့ကြောင်း၊ ၎င်းတို့ အထဲမှ ပြောင်းတန်ချိန်(၁.၇)သန်းအား ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ကြောင်း၊ လက်ရှိတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပြောင်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် နှစ်စဉ် ပြောင်းတန်ချိန် (၂.၅)သန်း နှင့် (၃)သန်းအကြား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း (၁၆-၆-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်သော www.gnlm. com.mm ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/domestic-corn-price-slides-tracking -corn-prices -in-thailand/

★

### ပဲစဉ်းငုံဈေးနှုန်းသည် မတ်ပဲဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အကျဘက်သို့ ဦးတည်နေခြင်း

- ✓ ပဲစဉ်းငုံဈေးနှုန်းသည် မတ်ပဲဈေးနှုန်းထက် ကျဆင်းနေကြောင်း ဘုရင့်နောင်အခြေစိုက် ပဲကုန်သည်ပွဲစားများထံမှသိရှိရကြောင်း၊ ပဲစဉ်းငုံနှင့် မတ်ပဲ နှစ်မျိုးလုံးကို မြန်မာနိုင်ငံမှ အိန္ဒိယသို့ အဓိကတင်ပို့လျက်ရှိကြောင်း၊ ရန်ကုန်ပဲဈေးကွက်တွင် (၂၀၂၂)ခုနှစ်၊ ဇွန်လ(၁၈)ရက်နေ့အထိ မတ်ပဲတစ်တန်လျှင် ငွေကျပ် (၁,၆၁၀,၀၀၀) ဖြစ်ပြီး ပဲစဉ်းငုံတစ်တန်လျှင် ငွေကျပ် (၁,၄၁၀,၀၀၀) ဖြစ်ကြောင်း၊ ပဲစဉ်းငုံယခင်ဈေးမှာ တစ်တန်လျှင် ငွေကျပ် (၁,၆၁၅,၀၀၀)ရှိခဲ့ရာ မှ (၂၀၂၂)ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် တစ်တန်လျှင် (၁,၃၉၁,၀၀၀)ကျပ် ဖြစ်သွားသည့်အတွက် မတ်ပဲဈေးမြင့်တက်လာပြီး ပဲစဉ်းငုံဈေးကျဆင်းသွားခဲ့ကြောင်း၊
- ✓ ပဲစဉ်းငုံအမျိုးအစားအများစုမှ ပဲစဉ်းငုံအနီသည် ဈေးအကောင်းဆုံးဖြစ်သည့်အတွက် အမြောက်အများ စိုက်ပျိုးကြကြောင်း၊ (၂၀၁၇)ခုနှစ်၊ ဩဂုတ်နောက်ဆုံးအပတ်တွင် အိန္ဒိယမှ ပဲမျိုးစုံတင်သွင်းမှုကို (၇)လနီးပါး ယာယီပိတ်ပင်ခဲ့ခြင်းကြောင့် ရန်ကုန် ပဲဈေးကွက်ကို (၄)ရက်ကြာ ပိတ်ထားခဲ့ရကြောင်း၊ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းမှစ၍ အိန္ဒိယသို့ တင်ပို့မှုများ ရပ်ဆိုင်းခဲ့ရသောကြောင့် ပဲစဉ်းငုံနှင့် မတ်ပဲ ဈေးနှုန်းများ ကျဆင်းခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ မတ်ပဲတစ်တန်လျှင် ငွေကျပ် (၄၀၀,၀၀၀)နှင့် ပဲစဉ်းငုံ တစ်တန်လျှင်ငွေကျပ် (၅၀၀,၀၀၀) နှုန်း သတ်မှတ်ပေးခဲ့ကြောင်း၊
- ✓ (၂၀၂၂)ခုနှစ်၊ မုတ်သုံရာသီတွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံအများဆုံးစိုက်ပျိုးသည့် ပြည်နယ်နှစ်ခုသည် ပဲမျိုးစုံအစား အထွက်နှုန်းမြင့်မားသော ဝါဂွမ်း၊ ပဲပုပ်၊ ကြံနှင့် ပြောင်းသီးနှံများကို ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း၊ ထို့ကြောင့် မိုးစိုက်ပဲမျိုးစုံမှာ (၅)ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းကြားကျဆင်းနိုင်ပြီး ပဲစဉ်းငုံသည် ဈေးကောင်းရမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံကုန်သည် ဦးကိုဌေးမှ ခန့်မှန်း ပြောဆိုခဲ့ကြောင်း (၂၂.၆.၂၀၂၂)ရက်နေ့တွင် ထုတ်ဝေခဲ့သော The Global new light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/pigeon-pea-price-gets-downward-trends-than-black-grams/#article-title

★

### ရော်ဘာဈေးနှုန်းတစ်ပေါင်လျှင် (၁,၂၀၀)ကျပ် ဖြင့်လျင်မြန်စွာမြင့်တက်လာခြင်း

- ➢ ရော်ဘာဈေးနှုန်း တစ်ပေါင်လျှင် ကျပ်(၁,၂၀၀)ကျော်ထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း မြန်မာ့ရော်ဘာကုန်သည်များ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ မေလအစပိုင်းတွင် ရော်ဘာတစ်ပေါင်လျှင် (၁,၀၀၀)ကျပ် ဈေးရှိခဲ့သော်လည်း၊ အချိန်တိုအတွင်း ရော်ဘာဈေးနှုန်းသည် တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း၊
- ➢ ရော်ဘာနေလှန်းပြားအဆင့်(၃) တစ်ပေါင်လျှင် (၁၂၀၀) ကျပ်နှင့် ရော်ဘာမှိုင်းခံပြား အဆင့်(၃) (RSS No. 3) တစ်ပေါင်လျှင် (၁,၂၂၀)ကျပ်ရှိကြောင်း၊
- ➢ ကမ္ဘာ့ရော်ဘာဝယ်လိုအား၊ အရှေ့တောင်အာရှနိုင်ငံများ၏ ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်တွင်း ရောင်းလိုအားသည် မြန်မာ့ရော်ဘာ အဓိကစိုက်ပျိုးထုတ်လုပ်သော မွန်ပြည်နယ်၏ ရော်ဘာဈေးနှုန်းအခြေအနေကို လွှမ်းမိုးသောအချက်များဖြစ်ကြောင်း ရော်ဘာကုန်သည်များမှ ပြောကြားခဲ့ကြောင်း၊
- ➢ ယခင်နှစ်မိုးရာသီတွင် ဝယ်လိုအားကောင်းပြီး ရောင်းလိုအားနည်းခဲ့သောကြောင့် ရော်ဘာဈေး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာမူဝါဒနှင့် အနုတ်သဘောဆောင်သောအကျိုးဆက်များကြောင့် ရော်ဘာဈေးနှုန်းကျဆင်းသွားနိုင်ဖွယ်ရှိကြောင်း ရော်ဘာကုန်သည်များမှ သုံးသပ်ထားကြကြောင်း၊
- ➢ မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊
- ➢ (၂၀၁၈-၂၀၁၉)ခုနှစ် ရော်ဘာစိုက်ပျိုးရာသီ စာရင်းများအရ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက (၁.၆၂၈)သန်းကျော်ရှိပြီး မွန်ပြည်နယ်တွင် (၄၉၇,၁၅၃)ဧက၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၃၄၈,၃၄၄)ဧကနှင့် ကရင်ပြည်နယ်တွင် (၂၇၀,၇၆၀)ဧကရှိကြောင်း၊
- ➢ မြန်မာနိုင်ငံသည် နှစ်စဉ်ရော်ဘာတန်ချိန် (၃၀၀,၀၀၀) ခန့် ထုတ်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော ရော်ဘာ(၇၀)ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထို့အပြင် စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊
- ➢ ယခင်ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁) တွင် နိုင်ငံခြားကုန်သွယ်မှု မိတ်ဖက်များထံ ရော်ဘာတန်ချိန် (၃၀၃,၂၉၃) တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ (၄၄၉) သန်းကျော်ဝင်ငွေရရှိခဲ့ကြောင်း (၂၀.၆.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: (၂၀.၆.၂၀၂၂) ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာ

★

### စားဖိုဆောင်သီးနှံဈေးနှုန်းများ မြင့်တက်နေသော်လည်း အဆိုပါသီးနှံဈေးကွက်သည် အရောင်းအဝယ် နှေးကွေးလျက်ရှိ

- ❖ ဇွန်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း ဘုရင့်နောင်ဈေးကွက်တွင် ဆန်၊ ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ၊ အာလူး၊ ငရုတ် (chilli pepper) နှင့် သကြားဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မိုးရာသီတွင် ဝယ်လိုအားမှာ အလွန်နည်းပါးလျက်ရှိကြောင်း၊ အထူးသဖြင့် ဆန်

နှင့် ငရုတ်(chilli pepper) ဈေးကွက်များသည်အရောင်းအဝယ်ပါးလျက်ရှိကြောင်း ရန်ကုန်မြို့ စိန်ပန်းလမ်းရှိ ကုန်သည် ကိုလှဟန်မှ ပြောကြားခဲ့ကြောင်း၊

- ❖ ဘုရင့်နောင်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ မြင့်တက်နေသော်လည်း ရန်ကုန်မြို့မှအပ ကျန်ဒေသများမှ ဝယ်လိုအားမှာ အလွန်နည်းပါးလျက်ရှိကြောင်း၊ ထို့ကြောင့် ကုန်စည်ဒိုင် ပိုင်ရှင်များသည် နေ့စဉ်လုပ်အားခ (၈၀၀၀ -၉၀၀၀)ကျပ်ပေးနိုင်ရန် ခက်ခဲလျက်ရှိကြောင်း၊
- ❖ ဆန်ကွဲဈေးနှုန်းများသည် တစ်အိတ်လျှင် (၃၀,၅၀၀) ကျပ်မှ (၃၃,၅၀၀)ကျပ်အထိ မြင့်တက်ခဲ့ကြောင်း၊ ဆန်ဈေးများမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် (၅၅,၀၀၀) ကျပ်မှ (၆၃,၀၀၀) ကျပ်၊ ပုသိမ်-မြောင်းမြ ပေါ်ဆန်း တစ်အိတ်လျှင် (၅၄,၀၀၀)ကျပ်၊ ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် (၅၁,၀၀၀)ကျပ်နှင့် ပေါ်ကြွဲဆန်တစ်အိတ်လျှင် (၄၀,၀၀၀) ကျပ် အသီးသီးရှိကြောင်း၊ အခမဲ့ သယ်ယူပို့ဆောင်စရိတ်များနှင့် အခြားသော ဝန်ဆောင်မှုများကြောင့်ဘုရင့်နောင်ဈေးကွက်ရှိဈေးနှုန်းများထက် လက်လီဈေးဆိုင်များရှိ ဈေးနှုန်းများသည် (၄,၀၀၀)ကျပ်မှ (၅,၀၀၀)ကျပ်အထိပိုမိုမြင့်မားကြောင်း ကျောက်တံတားမြို့နယ်ရှိ ဒေသခံတစ်ဦးဖြစ်သူ မမြင့်မြင့်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ ဇွန်လ ၁၅ ရက်နေ့တွင် (အရွယ်အစားကြီးသော) ကြက်သွန်နီလက်ကားဈေးသည် တစ်ပိဿာ (၁ ပိဿာ = ၁.၆ ကီလိုဂရမ်)လျှင် (၂,၁၀၀)ကျပ်ရှိပြီး နောက်ပိုင်းတွင် တစ်ပိဿာလျှင် (၁,၈၀၀)ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ကြောင်း၊ ဇွန်လ(၂၂)ရက်တွင် မုံရွာ လက်ကားဈေး၌ အလယ်အလတ်ကြက်သွန်နီ တစ်ပိဿာလျှင် (၁,၄၀၀)ကျပ်မှ (၁,၉၀၀)ကျပ်အထိ ပေါက်ဈေးရှိကြောင်း၊
- ❖ ပျော်ဘွယ်မှ ထွက်ရှိသော ကြက်သွန်နီသည် တစ်ပိဿာလျှင် (၁,၁၅၀)ကျပ်မှ (၁,၇၅၀) ကျပ်အထိ ရရှိခဲ့ကြောင်း၊ ရန်ကုန်ဈေးကွက်ထဲသို့ လူကြိုက်များသော ဆိတ်ဖြူကြက်သွန်နီများ သုံးရက်ဆက်တိုက် ဝင်ရောက်မှုမရှိခြင်းသည် အံ့သြစရာကောင်းသည့် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊
- ❖ အရွယ်အစားပေါ်မူတည်၍ ရှမ်းပြည်နယ်မှထွက်ရှိသော ကြူကုတ်ကြက်သွန်ဖြူအသစ် တစ်ပိဿာလျှင်(၂,၇၀၀) ကျပ်မှ (၂,၇၂၅)ကျပ်အထိရှိခဲ့ပြီး အောင်ပန်းကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် (၂,၃၀၀)ကျပ်မှ (၃,၉၀၀)ကျပ်အထိရှိကြောင်း၊
- ❖ တရုတ်အာလူးလက်ကားဈေးသည် တစ်ပိဿာလျှင် (၁,၇၀၀)ကျပ်မှ (၁,၈၀၀)ကျပ် အကြားရှိကြောင်း၊ ဇွန်လ(၁၈)ရက်နေ့တွင် တစ်ပိဿာလျှင် (၁,၄၅၀)ကျပ်ရှိခဲ့ရာမှ တဟုန်ထိုး မြင့်တက်ခဲ့ကြောင်း၊ တရုတ်အာလူးသည် အရည်အသွေးမြင့်မားပြီး ပုပ်ပွပျက်စီးမှု အနည်းငယ်သာရှိကြောင်း၊
- ❖ ဇွန်လ ၁၅ ရက်နေ့တွင် မျိုးများပေါ်မူတည်၍ ငရုတ်တောင့်ရှည်ဈေးနှုန်းများသည် တစ်ပိဿာလျှင်(၇,၀၀၀) ကျပ်မှ (၈,၀၀၀)ကျပ်အတွင်းရှိပြီး အအေးခန်းသိုလှောင်ရုံရှိ မိုးထောင်ငရုတ်သည် တစ်ပိဿာလျှင် (၈,၀၀၀) ကျပ်အထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ Paprika သည် တစ်ပိဿာလျှင် (၉,၅၀၀)ကျပ်မှ (၁၀,၀၀၀)ကျပ် ဝန်းကျင်ပေါက်ဈေးရှိကြောင်း၊ ဇွန်လ ၂၂ ရက်နေ့တွင်ငရုတ်တောင့် ရှည်တစ်ပိဿာလျှင် (၈,၅၀၀)ကျပ်သို့ မြင့်တက်ခဲ့ပြီး မိုးထောင်ငရုတ်သည် တစ်ပိဿာလျှင် (၈,၅၀၀) ကျပ်မှ (၉,၀၀၀)ကျပ်သို့ မြင့်တက်ခဲ့ကြောင်း၊ သို့သော်လည်းဈေးကွက်တွင် ငရုတ်ဝယ်လိုအားကျဆင်းသွားခဲ့ကြောင်း ကုန်စည်ဒိုင်ပိုင်ရှင် တစ်ဦး၏ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ ဇွန်လ(၁၃)ရက်နေ့၌ သကြားဈေးနှုန်းများသည် တစ်ပိဿာလျှင် (၂,၁၇၀)ကျပ်မှ (၂,၂၃၀)ကျပ်သို့ စံချိန်တင်မြင့်တက်ခဲ့ပြီး ဇွန်လ ၂၂ ရက်နေ့တွင် ပြင်ပမှ တင်သွင်းခဲ့သော သကြားဈေးနှုန်းသည် တစ်ပိဿာလျှင် (၂,၄၀၀) ကျပ်အထိ မြင့်တက်ခဲ့ကြောင်း၊
- ❖ မန်ကျည်းသီးမှည့် ဈေးနှုန်းသည် တစ်ပိဿာလျှင် (၂,၄၀၀)ကျပ်နှင့် (၃,၅၀၀) ကျပ် အကြားတွင် အမြင့်ဈေးဖြင့် တည်ငြိမ်နေကြောင်း မန်ကျည်းသီးမှည့် ကုန်စည်ဒိုင်ပိုင်ရှင် ကိုကာမှပြောကြား ခဲ့ကြောင်း၊
- ❖ ၎င်းအတောအတွင်း၌ စားအုန်းဆီဈေးနှုန်းမှာ (၄,၈၅၀) ကျပ်သို့ ထပ်မံကျဆင်းခဲ့ကြောင်း၊ ဇွန်လ ၂၁ ရက်နေ့တွင် ပြည်ပမှတင်သွင်းခဲ့သည့် စားအုန်းဆီ လက်ကားဈေးသည်တစ်ပိဿာလျှင်(၇,၂၀၀)ကျပ်မှ (၇,၄၀၀)ကျပ်အတွင်းရှိပြီး ရန်ကုန်မြို့တွင် (၁၀)ပိဿာ ဝယ်လျှင် တစ်ပိဿာ (၆,၉၀၀)ကျပ် ရှိကြောင်း ညောင်ပင်လေးဈေးကွက်မှ ကုန်သည်တစ်ဦးဖြစ်သူ ကိုကျော်ပိုင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ ဇွန်လ ၁၆ ရက်နေ့တွင် မတ်ပဲ(FAQ/RC) ဈေးနှုန်းသည် တစ်တန်လျှင် (၁,၅၇၀,၀၀၀) ကျပ် ရှိပြီး ပဲစဉ်းငုံ (red gram) သည် တစ်တန်လျှင် (၁,၄၁၀,၀၀၀) ကျပ် ရှိခဲ့ကြောင်း၊ ဇွန်လ ၂၂ ရက်နေ့တွင် ရိတ်သိမ်းပြီးခါစ မတ်ပဲအသစ်ဈေးနှုန်းများသည် တစ်တန်လျှင်(၁,၆၁၆,၀၀၀) ကျပ်သို့ သိသိသာသာမြင့်တက်ခဲ့ပြီး ပဲစဉ်းငုံအသစ် ဈေးနှုန်းသည် တစ်တန်လျှင်(၁,၃၈၇,၀၀၀) ကျပ်သို့ ကျဆင်းခဲ့ကြောင်း (၂၄-၆-၂၀၂၂ ) ရက်နေ့တွင် ထုတ်ပြန်သော www.gnlm. com.mm ၏ သတင်းအချက် အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/kitchen-crops-market-becomes-sluggish-despite-high-prices/

# ပြည်ပသတင်းများ

## အိန္ဒိယတွင် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဆန်ဈေးမြင့်တက်မှုအပေါ် သက်ရောက်မှုရှိ

- ဂျုံဈေးနှုန်းများ မြင့်မားလာခြင်းကြောင့် စားသုံးသူများသည် ဈေးသက်သာသောဆန်ကို ပြောင်းလဲဝယ်ယူလာနိုင်ပြီး ဆန်ဈေးနှုန်းများမြင့်တက် သွားနိုင်ကြောင်း၊
- သိုလှောင်မှုများပြားပြီး ခိုင်မာတည်ငြိမ်သော ထုတ်လုပ်မှုများကြောင့် ယခုအခါ စပါးဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း၊ သို့သော် စားသုံးသူများသည် ဆန်ကို ပြောင်းလဲစားသုံးလာပါက သိုလှောင်ထားသည့် ဆန်များ လျော့နည်းလာကာ တင်ပို့မှုများကို ကန့်သတ်ချက်များ ဖြစ်ပေါ်စေနိုင်ကြောင်း၊
- ဆန်သည် ကမ္ဘာ့လူဦးရေထက်ဝက်ကျော်အတွက်အဓိက စားနပ်ရိက္ခာအဖြစ် တည်ရှိနေပြီး စပါးစိုက်ဧရိယာ၏ (၉၀)ရာခိုင်နှုန်းခန့်ကို အာရှတွင် စိုက်ပျိုးကြကြောင်း၊
- အစားအစာအမျိုးအစားတစ်မျိုးတည်းအတွက် ဈေးနှုန်းမြင့်မားနေခြင်းသည် ထိုအစားအစာအတွက် အစားထိုးအကျိုးသက်ရောက်မှုကို ဖြစ်စေသောကြောင့် စားနပ်ရိက္ခာဈေးနှုန်း ပိုမိုမြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ အထူးသဖြင့် ဆန်ဈေးနှုန်းကို အဓိကထား၍ ဆန်းစစ်လေ့လာခဲ့ရာ ဂျုံဈေးနှုန်းများ တစ်ဟုန်ထိုးတိုးတက်နေသော်လည်း ဆန်ဈေးမှာ အထူးတည်ငြိမ်နေကြောင်း ယခုလက်ရှိတွင် ဆန်ဈေးနှုန်းထိခိုက်နစ်နာမှုကို ကာကွယ်ခြင်းများ လျော့နည်းနေကြောင်း Nomura မှ ပြောကြားခဲ့ကြောင်း၊
- သို့သော် ဂျုံဈေးနှုန်းများမြင့်တက်လာလျှင် ဆန်အစားထိုးခြင်းကို ဖြစ်စေနိုင်ကြောင်း၊ ၎င်းသည် သိုလှောင်လက်ကျန်ဆန်ပမာဏကို လျော့နည်းလာနိုင်ကာ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအကြောင်းပြချက်ဖြင့်အဓိကထုတ်လုပ်သူများ၏ ကန့်သတ်ချက်များ ဖြစ်ပေါ်စေပြီး အချိန်နှင့်အမျှဆန်ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊
- ယခင်ရာသီတွင် ကမ္ဘာ့ဆန်တင်ပို့မှု တန်ချိန် (၅၂.၆) သန်း၊ စုစုပေါင်းဆန်ထုတ်လုပ်မှု(တန်၅၁၂.၈သန်း) ၏ (၁၀.၃)ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဆန်တင်ပို့သူတစ်ဦး၏ ကန့်သတ်ချက်တစ်ခုသည်ကမ္ဘာ့ဆန်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း၊
- အမေရိကန်နိုင်ငံ၊ စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ အိန္ဒိယနိုင်ငံသည်(၂၀၂၂-၂၀၂၃)ခုနှစ်တွင်ကမ္ဘာ့ဆန်စားသုံးမှုနှင့် ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊
- ထို့အပြင် အိန္ဒိယ၏ပို့ကုန်သည် တန်ချိန်(၂၂.၀၀)သန်းအထိ စံချိန်တင် တင်ပို့ထားခဲ့ပြီး တန်ချိန်(၁.၀၀)သန်းတိုးမြင့်တင်ပို့ရန် ခန့်မှန်းထားကြောင်း၊ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ တင်ပို့မှု၏ (၄၁) ရာခိုင်နှုန်းနီးပါးရှိကြောင်း၊
- အိန္ဒိယ၏ မျှော်မှန်းထားသော ဆန်တင်ပို့မှုသည် ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံ (၃)နိုင်ငံပေါင်း ဆန်တင်ပို့မှုထက် ကျော်လွန်နေကြောင်း၊
- အိန္ဒိယသည် ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ပြီး ဂျုံနှင့်သကြားကဲ့သို့ ဆန်ကိုလည်း ပို့ကုန်ထိန်းချုပ်မှုအောက်တွင် ထားရှိမည်ကို အခြားနိုင်ငံများမှ စိုးရိမ်နေကြောင်း၊ ဤကဲ့သို့ အစီအစဉ်များ ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်ပါက စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်မှုအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း၊
- ဒေသတွင်းအကြောင်းရင်းများနှင့်အတူ တိရိစ္ဆာန်စာဈေးနှုန်းများ မြင့်တက်လာခြင်း၊ ဓာတ်မြေဩဇာပြတ်လပ်မှုနှင့် အကာအကွယ်ပေးထားသော ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများ ပေါင်းစပ်လိုက်ခြင်းကြောင့် အာရှတွင် စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်မှုသည် (၂၀၂၂) ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ပိုမိုမြင့်တက်လာမည်ဖြစ်ပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့တွင်လည်း အရှိန်အဟုန်ဖြင့် မြင့်တက်လာမည်ဖြစ်ကြောင်း၊
- ကမ္ဘာ့တတိယအကြီးဆုံး ဂျုံထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည်အပူလှိုင်းဖြတ်ပြီးနောက် ယခုနှစ်အတွက် ဂျုံထုတ်လုပ်မှုခန့်မှန်းချက် သိသိသာသာကျဆင်းသွားကာတင်ပို့မှုကန့်သတ်ချက်များကို ချမှတ်ခဲ့ပြီး နောင်အခါတွင် ဆန်တင်ပို့မှုကန့်သတ်ချက်များလည်း ဖြစ်လာမည်ကို ကမ္ဘာ့ဈေးကွက်များမှ စိုးရိမ်နေကြကြောင်း (၂၀၂၂) ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ သော The Economic Times ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://economictimes.indiatimes.com/news/economy/agriculture/rice-price-rise-a-concern-as-food-inflation-accelerates-in-india/articleshow/92352694.cms

## ကမ္ဘာ့စားသုံးဆီဈေးနှုန်းများ (၆)လအတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်း

- စားသုံးဆီဈေးနှုန်းများသည် ကမ္ဘာ့ဈေးကွက်များတွင် (၆)လအတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားပြီး ထပ်မံကျဆင်းနိုင်သဖြင့် စားသုံးသူများ စိတ်သက်သာရာရစေနိုင်မည် ဖြစ်ကြောင်း၊
- အဓိက အကြောင်းအရင်းသုံးချက်ကြောင့် ကမ္ဘာ့ဈေးကွက်တွင် စားသုံးဆီတစ်တန်လျှင် ဒေါ်လာ (၃၀၀) ကျဆင်းသွားကြောင်း အိန္ဒိယနိုင်ငံ Solvent Extractors Association ၏ အမှုဆောင်ဒါရိုက်တာ BV Mehta ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ ပထမအချက်မှာ ယခုအခါ ယူကရိန်းမှနေကြာဆီကို ကုန်းလမ်းနှင့်အခြားအရှေ့ ဥရောပနိုင်ငံများမှတဆင့် တင်ပို့နေခြင်းကြောင့် ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အင်ဒိုနီးရှားမှ စားအုန်းဆီ တင်ပို့မှု တားမြစ်ချက်ကို ရုပ်သိမ်းလိုက်ခြင်းကြောင့် ဖြစ်ကြောင်း၊ တတိယအချက်မှာ ဆီအုန်းစိုက်ခင်းများ၏ အထွက်နှုန်းသည် အမြင့်ဆုံးရာသီသို့ ရောက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားသော်လည်း အိန္ဒိယဝယ်လက်များသည် ဈေးကွက်ကို စောင့်ကြည့်နေကြဆဲဖြစ်ကြောင်း၊
- စားအုန်းဆီလက်ကျန်နည်းနေသည့် အိန္ဒိယနိုင်ငံ၌ပင် ဝယ်လိုအားတက်မလာကြောင်း၊ ထို့ကြောင့် ဈေးနှုန်းမှာ မလေးရှားရင်းဂစ် (၅,၀၀၀)အထိ ဈေးနှုန်းကျဆင်းသွားကြောင်း ပါကစ္စတန်၊ Lahore ရှိ Manzoor Trading ၏ အရောင်းဒါရိုက်တာ Abdul Hameed ၏ ပြောကြားချက်အရသိရှိရကြောင်း၊ Bursa Malaysia Derivatives Exchange တွင် စက်တင်ဘာလ ကြိုရောင်းကြိုဝယ်ဈေးကွက်သည် ဇူလိုင်လနှင့် ဩဂုတ်လထက် များစွာနိမ့်ကျနေသောကြောင့် အိန္ဒိယဝယ်လက်များသည် ဝယ်ယူမှုမပြုလုပ်ကြကြောင်း၊ ဈေးနှုန်းများ ကျဆင်းချိန်တွင် မည်သည့်ဝယ်သူမှမလာဘဲ နောက်ထပ်ဈေးကျလာမည်ဟု အမှုဆောင်ဒါရိုက်တာ Mehta က မျှော်မှန်းထားကြောင်း၊
- စားအုန်းဆီအထွက် အကျိုးဖြစ်ထွန်းမှုမှာ အကန့်အသတ်ရှိပြီး ထိခိုက်ကျဆင်းမှုအတိုင်းအတာသည် ပိုမိုများပြားကြောင်း Hameed မှ ပြောကြားခဲ့ကြောင်း၊ စက်တင်ဘာလတွင် ဆောင်းဦးဆီထွက်သီးနှံများရောက်ရှိလာနိုင်ဖွယ်ရှိသဖြင့် စားသုံးဆီဈေးနှုန်းများ ထပ်မံဖိအားပေးခံရမည်ဖြစ်ကြောင်း Mehta ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ဗဟိုမှ နေကြာဆီကြမ်းနှင့် ပဲပုပ်ဆီတန်ချိန်(၂၀)ကို အကောက်ခွန်မဲ့တင်သွင်းခွင့် (၂)နှစ်စီ ခွင့်ပြုထားသောကြောင့် မေလမှစ၍ အဆိုပါဆီဈေးနှုန်းများသည် စားအုန်းဆီဈေးနှုန်းကဲ့သို့ အမြတ်အစွန်းရရှိလာခဲ့ကြောင်း၊
- အိန္ဒိယနိုင်ငံတွင် ပဲပုပ်ဆီ၊ နေကြာဆီနှင့် စားအုန်းဆီဈေးများ ကျဆင်းခဲ့ပြီး မြေပဲဆီနှင့် မုန်ညင်းဆီ ဈေးနှုန်းများသည် ယခင်လတွင် မြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယ Solvent Extractors Association ၏ အချက်အလက်များအရ RBD စားအုန်းဆီပေါက်ဈေးသည် လွန်ခဲ့သည့်လတွင် တစ်တန်လျှင် (၁,၇၅၅)ဒေါ်လာမှ ယခုအခါ (၁,၃၉၅)ဒေါ်လာနှင့် စားအုန်းဆီကြမ်း တစ်တန်လျှင် ဒေါ်လာ(၁,၈၁၅)မှ (၁,၄၂၀)ဒေါ်လာသို့ ကျဆင်းသွားကြောင်း၊ ပဲပုပ်ဆီကြမ်းတစ်တန်လျှင် ဒေါ်လာ (၁,၉၁၅) မှ (၁,၆၀၀)သို့ ကျဆင်းသွားပြီး နေကြာဆီကြမ်း တစ်တန်လျှင် ဒေါ်လာ(၂,၁၅၀)မှ (၁,၈၅၀)သို့ ကျဆင်းခဲ့ကြောင်း၊
- အင်ဒိုနီးရှားသည် ယခင်လတွင် တင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်းပြီးနောက် ပို့ကုန်များအရှိန်မြှင့်ခဲ့ကြောင်း၊ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုအများဆုံး နှစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် ထုတ်လုပ်မှုတိုးလာမည့် အလားအလာကြောင့် ဈေးနှုန်းများ ကျဆင်းသွားနိုင်ကြောင်း Hameed ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- အင်ဒိုနီးရှားမှ စားအုန်းဆီတင်ပို့မှု တားမြစ်ပိတ်ပင်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် မေလတွင် အာဂျင်တီးနားထံမှ ပဲပုပ်ဆီပိုမိုဝယ်ယူခဲ့ကြောင်း (၂၁.၆.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.thehindubusinessline.com/ ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဇေကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.thehindubusinessline.com/economy/agri-business/global-edible-oil-prices-plunge-to-six-month-low-cpo-slips-below-5000-myr/article65548404.ece

## ရွှေ့ပြောင်းအလုပ်သမားရှားပါးမှုကြောင့် မလေးရှားကုမ္ပဏီများသည် ရောင်းရငွေဘီလျံနှင့်ချီ၍ ဆုံးရှုံးခြင်း

- ✓ ဆီအုန်းစိုက်ခင်းများမှစ၍ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သူများအထိ မလေးရှားကုမ္ပဏီများသည် လုပ်သားတစ်သန်းကျော် လိုအပ်နေမှုကြောင့် ကုန်ပစ္စည်းမှာယူမှုများကို ငြင်းဆန်နေရကြောင်း၊ ရောင်းရငွေ ဘီလီယံပေါင်းများစွာကို ဆုံးရှုံးလိုက်ရခြင်းသည် နိုင်ငံ့စီးပွားရေး ပြန်လည်ထူထောင်ရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံသည် ဖေဖော်ဝါရီလတွင် နိုင်ငံခြားသားအလုပ်သမားခေါ်ယူမှုအပေါ် Covid-19 ကန့်သတ်ချက်ကို ရုပ်သိမ်းလိုက်သော်လည်း မလေးရှားအစိုးရ၏ ခွင့်ပြုချက် နှေးကွေးခြင်း၊ အလုပ်သမားအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် အချိန်ကြာရှည်စွာ ဆွေးနွေးညှိနှိုင်းနေခြင်းတို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ သိသိသာသာပြန်လည်ဝင်ရောက်လာခြင်းကို မတွေ့ရကြောင်း ၊ စက်မှုလုပ်ငန်းရှင်အဖွဲ့များ၊ ကုမ္ပဏီများနှင့် သံတမန်များမှ ပြောကြားကြောင်း၊
- ✓ ကမ္ဘာ့ရောင်းလိုအား ဈေးကွက်ချိတ်ဆက်မှုတွင် အဓိကချိတ်ဆက်မှုဖြစ်သည့် ပြည်ပပို့ကုန်များကို မီခိုအားထားရသော အရှေ့တောင်အာရှနိုင်ငံများသည် ဒေသခံများမပြုလုပ်လိုသည့် အညစ်အကြေး၊ အန္တရာယ်နှင့် ခက်ခဲကြမ်းတမ်းသော စက်ရုံအလုပ်ရုံ၊ စိုက်ပျိုးရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားသား သန်းပေါင်းများစွာကို မှီခိုအားထားနေကြောင်း၊
- ✓ ရောင်းအားတိုးတက်မှုအပေါ် ယုံကြည်မှုရှိသော်လည်း အချို့သောကုမ္ပဏီများသည် ကုန်ပစ္စည်းအော်ဒါများကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အဟန့်အတားဖြစ်နေကြောင်း မလေးရှားလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဖြစ်သူ Soh Thian Lai မှ ပြောကြားခဲ့ကြောင်း၊
- ✓ ဆီအုန်းစိုက်ပျိုးသူများသည်လည်း အခက်အခဲနှင့်ရင်ဆိုင်နေရသည်ဟု oil palm grower United Plantations ၏ အမှုဆောင်ဒါရိုက်တာ Carl Bek-Nielsen မှ ပြောကြားခဲ့ကြောင်း၊
- ✓ မလေးရှားနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အနည်းဆုံး အလုပ်သမား(၁.၂)သန်းခန့်လိုအပ်နေကြောင်း၊ ကပ်ရောဂါကိုဖြေလျှော့ပေးခြင်းနှင့်အတူ အလုပ်သမား လိုအပ်ချက်များလာပြီး အလုပ်သမားရှားပါးခြင်းသည် နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရကြောင်းကို စက်မှုလုပ်ငန်းနှင့် အစိုးရ၏အချက်အလက်များမှ ဖော်ပြထားကြောင်း၊
- ✓ မလေးရှားနိုင်ငံ စီးပွားရေး၏ (၅) ရာခိုင်နှုန်းကိုအထောက်အကူဖြစ်စေသော စားအုန်းဆီလုပ်ငန်းသည် ယခုနှစ်တွင် ဆီသီးခိုင်များမခူးဆွတ်၍ အသီးများပုပ်သွားခြင်းကြောင့် သီးနှံတန်ချိန် (၃)သန်း ပျက်စီးမှုနှင့် ညီမျှသော အမေရိကန်ဒေါ်လာ(၄) ဘီလီယံကျော် ဆုံးရှုံးနိုင်ကြောင်း၊
- ✓ ဧပြီလတွင် ကုမ္ပဏီများသည် ရွှေ့ပြောင်းအလုပ်သမား (၄၇၅,၀၀၀)ကိုငှားရမ်းရန် တောင်းဆိုခဲ့သော်လည်း ဝန်ကြီးဌာနမှ (၂,၀၆၅)ဦးသာခွင့်ပြုခဲ့ပြီး အချို့သောအချက်အလက် မပြည့်စုံခြင်း သို့မဟုတ် စည်းမျဉ်းစည်းကမ်းများလိုက်နာမှု မရှိခြင်းတို့ကြောင့် အချို့ကိုပယ်ချခဲ့သည်ဟု ဝန်ကြီး M.Saravanan မှပြောကြားခဲ့ကြောင်း၊
- ✓ မလေးရှားနိုင်ငံ၏ အကြီးမားဆုံးနိုင်ငံခြားသား အလုပ်သမားအရင်းအမြစ်နှစ်ခုဖြစ်သည့် အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံတမန်များ၏ ပြောကြားချက်အရ အလုပ်သမား အခွင့်အရေးနှင့် ရပိုင်ခွင့်သည်လည်း ရွှေ့ပြောင်းအလုပ်သမားများ စုဆောင်းရာဖွေရာတွင် ကြန့်ကြာနှောင့်နှေးစေသည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊
- ✓ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအလုပ်သမားများစေလွှတ်ရန် ဒီဇင်ဘာလတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သော်လည်း မလေးရှားနိုင်ငံ၏ အလုပ်သမားငှားရမ်းမှု လုပ်ငန်းစဉ်ကို ဒါကာမှကန့်ကွက်ခဲ့ပြီးနောက် လုပ်ငန်းအကောင်အထည်ဖော်မှု နှောင့်နှေးခဲ့ကြောင်း (၁၄.၆.၂၀၂၂)နေ့တွင်ထုတ်ပြန်ခဲ့သော business-standard ကွန်ယက်သတင်းအချက်အလက်များအရသိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.business-standard.com/article/international/malaysian-firms-forgoing-billions-in-sales-amid-migrant-labour-shortage-122061400046_1.html

## ကမ္ဘာ့ကော်ဖီဈေးကွက်

- ယခုသီတင်းပတ်သတင်းများအရ ဥရောပ-လန်ဒန် ကော်ဖီ ကြိုရောင်းကြိုဝယ်ဈေးကွက်တွင် (၂၀၂၂)ခုနှစ်

ဇူလိုင်လတွင် တင်ပို့မည့် ရိုဘတ်စတာကော်ဖီဈေးနှုန်းသည် တစ်တန်လျှင် (၁၆) ဒေါ်လာနှုန်းဖြင့် (၂,၀၇၇) ဒေါ်လာသို့ ကျဆင်းခဲ့ပြီး (၂၀၂၂)ခုနှစ် စက်တင်ဘာလတွင် တင်ပို့မည့် ရိုဘတ်စတာကော်ဖီဈေးနှုန်းသည် တစ်တန်လျှင် (၁၃) ဒေါ်လာနှုန်းဖြင့် (၂,၀၉၅) ဒေါ်လာသို့ ကျဆင်းခဲ့ကြောင်း၊

- အမေရိကန်၏ အာရေးဗီးကားကော်ဖီ ဈေးကွက်သည် အကျဘက်သို့ ဦးတည်နေကြောင်း၊ (၂၀၂၂)ခုနှစ် ဇူလိုင်လတွင် တင်ပို့မည့် အာရေဗီးကားကော်ဖီဈေးနှုန်းသည် ကြိုရောင်းကြိုဝယ် ဈေးကွက်တွင် တစ်ပေါင်လျှင် (၅.၇၅)ဆင့်ဖြင့် (၂၂၈.၉၀)ဆင့်သို့ ကျဆင်းခဲ့ပြီး စက်တင်ဘာလတွင် တင်ပို့မည့်အာရေးဗီးကားကော်ဖီ ဈေးနှုန်းသည် တစ်တန်လျှင်(၆)ဆင့်ဖြင့် (၂၃၈.၈၀)ဆင့်သို့ ကျဆင်းခဲ့ကြောင်း၊ (တစ်ပေါင်=၀.၄၅ ကီလိုဂရမ်)
- ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ပြည်နယ်များရှိ ကော်ဖီအစိမ်းစေ့ဈေးနှုန်းများသည် ဒေါင်(၂၀၀)မှ(၃၀၀) အထိကျဆင်းခဲ့ပြီး တစ်ကီလိုဂရမ်လျှင် (၄၀,၈၀၀) ဒေါင်မှ (၄၁,၃၀၀) ဒေါင်ကြား အတက်အကျရှိကြောင်း၊
- အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနမှ (၂၀၂၂-၂၃)သီးနှံနှစ်တွင် စုစုပေါင်း ကမ္ဘာ့ကော်ဖီရောင်းလိုအားသည် ကော်ဖီအမျိုးအစားအားလုံးအတွက် အိတ်ပေါင်း(၁၆၈,၄၃၂) သန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်(၂၀၂၂-၂၃)နှစ်နှင့် နှိုင်းယှဉ်လျှင် (၀.၈၆)ရာခိုင်နှုန်း၊ အိတ်ပေါင်း (၁.၄၃၈)သန်း တိုးလာခြင်းဖြစ်ကြောင်း၊ (၁အိတ်= ၆၀ ကီလိုဂရမ်) တစ်ချိန်တည်းတွင် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှင့် စားသုံးသူဝင်ငွေများ နိမ့်ကျလာခြင်းကြောင့် ကမ္ဘာ့ကော်ဖီသုံးစွဲမှု ကျဆင်းလာမည်ကို စိုးရိမ်လျက်ရှိကြောင်း (၁၆.၆.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော https://vinanet.vn/ ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်ဧကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန။

Source: https://vinanet.vn/nong-san/thi-truong-nong-san-tuan-qua-gia-gao-chau-a-tiep-tuc-tang-758505.html

## ၂၀၂၂ ခုနှစ်၊ ဇွန်လဒုတိယ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရေွှဝတီ |
| မနောသုခ | ၃၃၅၀၀ | ၄၅၀၀၀ | ၃၇၅၀၀ | ၄၂၀၀၀ | ၃၄၀၀၀ |
| ဆင်းသုခ | ၃၃၅၀၀ | ၄၅၀၀၀ | ၄၀၅၀၀ | ၄၁၅၀၀ | ၃၄၀၀၀ |
| ရေွှမင်း | ၄၁၀၀၀ | ၄၅၀၀၀ | ၅၁၀၀၀ | ၅၄၀၀၀ | ၃၅၀၀၀ |
| ပေါ်ဆန်း | ၆၂၅၀၀ | ၆၀၀၀၀ | ၆၆၅၀၀ | ၅၈၀၀၀ | ၅၃၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဇွန်လဒုတိယ (၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၁၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၉၅၀၀ |
| နှမ်းဆီ | ၁၁၀၀၀ | ၁၀၀၀၀ | ၉၁၀၀ | ၁၀၀၀၀ | ၉၅၀၀ |
| နေကြာဆီ | ၉၂၅၀ | ၁၀၀၀၀ | ၉၂၅၀ | ၉၀၀၀ | ၉၀၀၀ |
| စားအုန်းဆီ | ၉၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၇၅၀ |

## ၂၀၂၂ ခုနှစ်၊ ဇွန်လဒုတိယ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရေွှဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၁၀၀၀ | ၉၇၂၀၀ | ၉၂၀၀၀ | ၉၆၅၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၈၅၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | - | ၉၅၀၀၀ |
| - သြဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၄၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၅၀၀၀ | ၈၅၅၀၀ | ၇၀၀၀၀ | ၉၉၀၀၀ |
| - ဝိစာရ | ၉၄၀၀၀ | ၉၀၀၀၀ | ၈၇၅၀၀ | - | ၉၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၉၆၀၀၀ | ၇၅၈၀၀ | ၉၂၀၀၀ | ၈၇၀၀၀ |
| - အာမို | ၉၀၀၀၀ | ၉၇၀၀၀ | ၈၇၅၀၀ | ၉၅၀၀၀ | ၉၀၀၀၀ |
| - သြဘာ/ ကောမက် | ၈၅၀၀၀ | ၉၇၀၀၀ | ၇၅၀၀၀ | - | - |
| - ဝိစာရ | ၉၀၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၉၁၀၀၀ | ၈၁၅၀၀ | ၇၃၅၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၄၀၀၀ | ၈၂၅၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၈၃၀၀၀ | ၉၅၀၀၀ | ၈၂၀၀၀ |
| - သြဘာ | - | ၉၁၀၀၀ | ၉၅၀၀၀ | - | - |
| **ကွန်ပေါင်း** | | | | | |
| - သြဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၉၀၀ | ၉၀၀၀၀ | ၉၈၀၀၀ | ၈၇၅၀၀ |
| - အာမို | ၁၀၀၀၀၀ | ၉၉၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၉၀၀၀၀ | ၉၃၀၀၀ | ၉၃၀၀၀ | - | ၈၆၀၀၀ |
| - ရွှေနဂါး | ၉၄၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၆၅၀၀ |
| - သံကွင်း | ၁၂၀၀၀၀ | ၉၀၀၀၀ | ၈၅၀၀၀ | - | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရေွှဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ရေွှမင်း | ၁၇၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၂၀၀၀၀ | - | - | ၁၆၀၀၀ | ၁၅၀၀၀ |

## ၂၀၂၂ ခုနှစ် မေလစတုတ္ထပတ်နှင့် ဇွန်လပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မေလ စတုတ္ထပတ် | ဇွန်လ ပထမပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၁၀.၄၁၉ | ၉.၁၁၁ | (-)၁.၃၀၈ |
| | ကီလို | ၁၂၈၃၂.၃၆၆ | ၁၁၂၁၁.၃၉၄ | (-)၁၆၂၀.၉၇၂ |
| ပဲတီစိမ်း | US$ | ၂၁.၅၁၆ | ၁၀.၀၁၁ | (-)၁၁.၅၀၅ |
| | ကီလို | ၂၈၅၇၂.၉၀၆ | ၁၃၅၅၁.၅၂၃ | (-)၁၅၀၂၁.၃၈၃ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀.၅၆၁ | ၀ | (-)၁ |
| | ကီလို | ၅၉၅.၇ | ၀ | (-)၅၉၆ |
| ပဲစဉ်းငုံ | US$ | ၀.၈၁၇ | ၀.၀၀၅ | (-)၀.၈၁၂ |
| | ကီလို | ၁၁၁၉.၇၅ | ၇.၀၂ | (-)၁၁၁၂.၇၃ |
| ကုလားပဲ | US$ | ၁.၁၉၇ | ၀.၆၀၇ | (-)၀.၅၉ |
| | ကီလို | ၁၇၃၈.၃၃၅ | ၉၁၅ | (-)၈၂၃ . ၃၃၅ |
| ပဲလွန်းဖြူ | US$ | ၀.၄၈၈ | ၀.၃၉၆ | (-)၀.၀၉၂ |
| | ကီလို | ၈၆၃.၆၉၂ | ၅၇၂.၃၅ | (-)၂၉၁.၃၄၂ |
| မြေထောက်ပဲ | US$ | ၂.၉၅၁ | ၁.၄၂၄ | (-)၁.၅၂၇ |
| | ကီလို | ၃၄၄၅.၅၄၂ | ၂၀၉၂.၅၀၈ | (-)၁၈၅၃.၀၃၄ |
| ထောပတ်ပဲ | US$ | ၁.၈၃၂ | ၀.၆၈၅ | (-)၁.၁၄၇ |
| | ကီလို | ၂၃၂၁.၉၈ | ၁၀၅၉ | (-)၁၂၆၂.၉၈ |
| ပဲယင်း | US$ | ၁.၀၀၉ | ၀.၆၃၂ | (-)၀.၃၇၇ |
| | ကီလို | ၁၉၆၁.၂၉၆ | ၁၂၁၁.၅ | (-)၇၄၉.၇၉၆ |
| ပဲကြီး | US$ | ၀.၃၀၆ | ၀.၁၆၃ | (-)၀.၁၄၃ |
| | ကီလို | ၄၈၅.၆၅ | ၃၀၄.၂၅ | (-)၁၈၁.၄ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၁၄၇ | ၀.၀၆၄ | ၀ |
| | ကီလို | ၂၅၃.၇၈ | ၁၁၃ | (-)၁၄၁ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၁၇ | ၀ | ၀ |
| | ကီလို | ၂၃.၇ | ၀ | (-)၂၄ |
| ပဲဖြူကလေး | US$ | ၀.၀၁၂ | ၀ | (-)၀.၀၁၂ |
| | ကီလို | ၁၁.၆၇ | ၀ | (-)၁၁.၆၇ |
| ဘိုကိတ်ပဲ | US$ | ၀.၃၅၆ | ၀ | (-)၀. ၃၅၆ |
| | ကီလို | ၄၇၀.၅ | ၀ | (-)၄၇၀.၅ |
| ပဲနီကြား | US$ | ၀.၂၃၅ | ၀.၀၈ | (-)၀. ၁၅၅ |
| | ကီလို | ၅၇၅ | ၂၀၃.၅ | (-)၃၇၁.၅ |
| နိုင်လွန်ပဲ | US$ | ၀.၀၃၈ | ၀.၀၅၁ | (-)၀.၀၁၃ |
| | ကီလို | ၇၉.၅ | ၆၈.၆၅ | (-)၁၀.၈၅ |
| မြေပဲ (အခွံပါ) | US$ | ၀.၀၀၄ | ၀ | ၀ |
| | ကီလို | ၅ | ၀ | (-)၅ |
| မြေပဲဆံ | US$ | ၀.၃၃၁ | ၀ | ၀ |
| | ကီလို | ၃၉၇ | ၀ | (-)၃၉၇ |
| အခြားပဲ | US$ | ၀.၀၀၆ | ၀ | (-)၀.၀၀၆ |
| | ကီလို | ၉.၁၇ | ၀.၃၉ | (-)၈.၇၈ |
| စုစုပေါင်း | US$ | ၄၁.၀၄၄ | ၂၃.၂၂၉ | (-)၁၇.၈၁၅ |
| | ကီလို | ၅၄၈၉၃.၇၉၇ | ၃၁၃၁၀.၀၈၇ | (-)၂၃၅၈၃.၇၁ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**

(Agriculture Market Bulletin)

Market Information System (MIS)

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း-၀၆၇ ၃၄၁၀၅၃၈,Email:doamisppme@gmail.com